# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

February 14 , 2023 Volume 63, Number 10


၁၄.၂.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၅၈ US$ |
| မြန်မာ့ရွှေဈေး | = ၂၈၆၅၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၈၆၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၆၀.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၈၃.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၅၉.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၆၄.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၈.၂၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၇၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၅.၆၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၈၂.၉၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၁၀၃ ကျပ် |

Source: CBM Rate, etrademyanmar.com

## မူဆယ်နယ်စပ်မှ တရုတ်သို့ ပို့ကုန်တင်ပို့ရာတွင် အကောက်ခွန်သက်သာခွင့်အတွက် ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် Form E တင်ပြတောင်းခံပါက ထုတ်ပေးလျက်ရှိရာ တစ်လအတွင်း Form E ၁၁၆ စောင်ထုတ်ပေးခဲ့

မူဆယ်နယ်စပ်မှ တရုတ်နိုင်ငံသို့ ပို့ကုန်တင်ပို့ရာတွင် အကောက်ခွန်သက်သာခွင့်အတွက် ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် Form E တင်ပြတောင်းခံပါက ထုတ်ပေးလျက်ရှိရာ တစ်လအတွင်း Form E ၁၁၆ စောင် ထုတ်ပေးခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ပို့ကုန်သွင်းကုန်လိုင်စင်လျှောက်ထားခြင်းများကို Tradenet 2.0 System တွင် အွန်လိုင်းဖြင့် လျှောက်ထားနိုင်သည့်အပြင် ကုန်သွယ်ရေးစခန်းများတွင်လည်း လာရောက်လျှောက်ထားပါက ခွင့်ပြုပေးလျက်ရှိသည်။

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် လာရောက်လျှောက်ထားမှုများမှ သွင်းကုန်လိုင်စင်တစ်စောင် (၀ ဒသမ ၂၃၈) ယွမ်သန်း တန်ဖိုးရှိသည့် စက်နှင့်စက်ပစ္စည်းကို ခွင့်ပြုထုတ်ပေးခဲ့ပြီး ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် မှ ၅ ရက်အထိ သွင်းကုန်လိုင်စင် ၈၄ စောင် ခွင့်ပြုထုတ်ပေးခဲ့သည်။

ဖေဖော်ဝါရီ ၅ ရက်တွင် အများဆုံးပို့ကုန်ပစ္စည်းများမှာ ချဉ်ပေါင်ဖာလာ (အခွံပါ)၊ ပဲတီစိမ်း၊ သခွားမွှေး၊ ပဲယင်း၊ ဖရဲသီး၊ ကြက်သွန်နီ၊ နှမ်းနက်၊ ဆန်ကွဲ၊ ငါးရှဉ့်၊ ပဲနီကြီးတို့ဖြစ်ပြီး အများဆုံး သွင်းကုန်ပစ္စည်းများမှာ ယာဉ်နှင့် ယာဉ်ယန္တရားများ၊ လိမ္မော်သီး၊ ခေတုကျောက်မှုန့်၊ ပန်းသီး၊ သံပိုက်၊ ကလေးသွားတိုက်ဆေး၊ သံကျဉ်တွယ်၊ အကင်မျိုးစုံ (အသားတု)၊ ကလေးစီးဘက်ထရီကား၊ သံချောင်းကွေးတို့ဖြစ်ကြောင်း သိရသည်။

မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်မှ တင်ပို့သည့် ပို့ကုန်ပစ္စည်းများမှ တစ်ဖက်နိုင်ငံသို့ တင်ပို့ရောင်းချရာတွင် အကောက်ခွန်သက်သာခွင့်အတွက် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ထုတ်ပေးသော ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် Form E ကို တင်ပို့သူမှ တောင်းခံလာပါက စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိစစ်ခွင့်ပြုပေးလျက်ရှိပါသည်။

ဖေဖော်ဝါရီ ၅ ရက်တွင် Form E ထုတ်ပေးမှု၂၅ စောင်ဖြစ်ပြီး ငါးရှဉ့် သုံးစောင်၊ ကဏန်း ငါးစောင်၊ ချဉ်ပေါင်ဖာလာ ကိုးစောင်၊ ဝါဂွမ်း နှစ်စောင်၊ ရွှေဖရုံသီး တစ်စောင်၊ ရေခဲငါး တစ်စောင်၊ ဆန်ကွဲ နှစ်စောင်၊ လျှော်ဖြူ တစ်စောင်၊ ပုစွန်ဖွဲ တစ်စောင်တို့ကို ခွင့်ပြုထုတ်ပေးခဲ့ပြီး ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက် မှ ၃၁ ရက်အထိ Form E ၁၁၆ စောင် ထုတ်ပေးခဲ့ကြောင်း သိရသည်။


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖတ်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

ဖေဖော်ဝါရီ ၅ ရက်တွင် ပို့ကုန်ယာဉ်စီးရေ ၂၂၇ စီး၊ သွင်းကုန်ယာဉ်စီးရေ ၅၃ စီး၊ စုစုပေါင်းစီးရေ ၂၈၀ ကုန်သွယ်မှု ဆောင်ရွက်ခဲ့ပြီး ယခုရက်ပိုင်းတွင် ချဉ်ပေါင်ဖာလာ (အခွံပါ)၊ ပဲတီစိမ်း၊ သခွားမွေး၊ ပဲယင်း၊ ဖရဲသီး၊ ကြက်သွန်နီ၊ နှမ်းနက်၊ ဆန်ကွဲ၊ ငါးရှဉ့်၊ ပဲနီကြား အစရှိသည့် ပို့ကုန်ပစ္စည်းများ တင်ပို့လျက်ရှိကြောင်း၊ ဖေဖော်ဝါရီ ၁ ရက်မှ ၅ ရက်အထိ ပို့ကုန် ယာဉ်စီးရေ ၁၁၇၆ စီး၊ သွင်းကုန်ယာဉ်စီးရေ ၂၄၆ စီး ကုန်သွယ်မှုဆောင် ရွက်နိုင်ခဲ့သည်။

မြန်မာ-တရုတ် နယ်စပ်ဒေသ ကုန်သွယ်မှုများအတွက် ငွေပေးချေမှုကို ယွမ်ငွေကြေး၊ ဒေါ်လာငွေကြေးများဖြင့် ဆောင်ရွက်လျက်ရှိသည်။ ပဲ၊ ပြောင်း၊ နှမ်း ၊ မြေပဲဆန်တို့ကို ဒေါ်လာငွေကြေးအပြင် ယွမ်ငွေကြေးဖြင့်ပါ ဆောင်ရွက်ခွင့်ပြုပြီး ဆန်၊ ဆန်ကွဲ၊ အခြားလယ်ယာထွက်ကုန်ပစ္စည်းများနှင့် ရေထွက်ပစ္စည်းဖြစ်သည့် ကဏန်း၊ ငါးရှဉ့်တို့ကို ယွမ်ငွေကြေးဖြင့် ခွင့်ပြုဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မူဆယ်ဒေသမှ အများဆုံးတင်ပို့သည့် ပဲတီစိမ်းဈေးနှုန်းမှာ တစ်တန်လျှင် ၅၅၀၀-၅၈၀၀ ယွမ်၊ ပြောင်းဖူးစေ့ တစ်တန် လျှင် ၂၃၇၅-၂၄၇၅ ယွမ်၊ နှမ်းနက် တစ်တန်လျှင် ၁၁၅၀၀-၁၂၀၀၀ ယွမ်၊ နှမ်းညိုတစ်တန်လျှင် ၈၀၀၀-၈၅၀၀ ယွမ် ၊ မြေပဲဆန် တစ်တန်လျှင် ၉၅၀၀-၉၇၀၀ ယွမ်၊ ဆန် (ဧည့်မထ) ၂၅ ရာ ခိုင်နှုန်း တစ်တန်လျှင် ယွမ် ၂၂၈၀၊ ဆန်ကွဲ (A 12) တစ်တန်လျှင် ယွမ် ၂၅၂၀၊ ရော်ဘာ RSS -3 တစ်တန်လျှင် ၇၀၀၀-၇၅၀၀ ယွမ် ဈေးနှုန်းများဖြင့် အရောင်းအဝယ်ပြုလုပ်နေကြောင်း သိရသည်။

ပို့ကုန်လုပ်ငန်းဆောင်ရွက်သည့် လုပ်ငန်းရှင်များအနေဖြင့် မိမိတင်ပို့ခဲ့သည့်ပစ္စည်းများ၏တန်ဖိုးအတိုင်း တစ်ဖက် နိုင်ငံက ဝယ်ယူသည့် ကုန်ဝယ်သူက ပေးချေသည့်ကုန်ဖိုးငွေကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်အတိုင်း ဘဏ်စနစ်ဖြင့် ပို့ကုန်ရငွေများ ဝင်ရောက်နိုင်ရေးဆောင်ရွက်ရန် လိုအပ်ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/244370

## မန္တလေးဈေးကွက်အတွင်း သကြားအရောင်းအဝယ်ကောင်းမွန်လာပြီး တစ်ပိဿာလျှင် ငွေကျပ် ၂၈၃၀ ပေါက်ဈေးရှိလာ

မန္တလေးဈေးကွက်အတွင်း သကြားအရောင်းအဝယ် ကောင်းမွန်လာပြီး တစ်ပိဿာလျှင် ငွေကျပ် ၂၈၃၀ ပေါက်ဈေး ရှိလာကြောင်း မြန်မာနိုင်ငံ သကြားနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း (မန္တလေး) ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးထံမှ သိရသည်။

မန္တလေးဈေးကွက်အတွင်း ဇန်နဝါရီလ နောက်ဆုံးပတ်က သကြားအရောင်းအဝယ်မှာ ပုံမှန်သာရှိခဲ့ကြောင်း၊ ဖေဖော်ဝါရီလ ဒုတိယပတ်မှစ၍ သကြားအရောင်းအဝယ်ကောင်းမွန်လာပြီး ဈေးကောင်းရရှိလာကြောင်း သိရသည်။ “မန္တလေးဈေးကွက်ထဲမှာ သကြားက ကုန်စည်လက်ကျန် ပြတ်တာမျိုးတော့ မရှိပါဘူး။ အခုလတ်တလောကတော့ မန္တလေး ဈေးကွက်ထဲမှာ ကုန်သည်တွေ အဝယ်များလာတာကြောင့် သကြားလက်ကျန်ပြန်ပြီး နည်းပါးလာတယ်။ သကြား အရောင်း အဝယ်ကလည်း ပြန်ပြီးကောင်းလာတော့ ဈေးကောင်းလည်း ပြန်ရနေတယ်။ သကြားဈေးနှုန်းကတော့ အရောင်းအဝယ် ကောင်းရင်ကောင်းသလို ဈေးကောင်းလည်းရပါတယ်” ဟု ဦးဝင်းဌေးကပြောသည်။

မန္တလေးဈေးကွက်အတွင်း ဇန်နဝါရီလ နောက်ဆုံးပတ်က သကြားဈေးနှုန်းမှာ တစ်ပိဿာလျှင် ငွေကျပ် ၂၆၅၀ သာ ပေါက်ဈေးရှိခဲ့သော်လည်း ယနေ့တွင် သကြား တစ်ပိဿာလျှင် ငွေကျပ် ၂၈၃၀ ပေါက်ဈေး ရှိလာသည်။

ပြည်တွင်း၌ အရည်အသွေးကောင်းမွန်သည့် သကြားအများဆုံးထွက်ရှိသော တိုင်းဒေသကြီးများမှာ မန္တလေးတိုင်း ဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့်ရန်ကုန်တိုင်းဒေသကြီးတို့ဖြစ်ကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/36808

## ရန်ကုန်မြို့ ငါးဈေးကွက်အတွင်း ငါးမြစ်ချင်းဝယ်လိုအားများနေသည့်အတွက် ဈေးနှုန်းအနည်းငယ်တက်လာ



https://www.myawady.net.mm/node/36779

ရန်ကုန်မြို့ ငါးဈေးကွက်အတွင်း ငါးမြစ်ချင်းဝယ်လိုအား များနေသည့်အတွက် ဈေးနှုန်းအနည်းငယ်တက်လာကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

“ငါးမြစ်ချင်းပြည်ပတင်ပို့တဲ့ အရွယ်အစားတွေ ဈေးတက်တယ်။ သုံးပိဿာနဲ့အထက်က တစ်ပိဿာကို ငွေကျပ် ၈၀၀၀ လောက်ရှိတယ်။ လေးပိဿာနဲ့အထက်က တစ်ပိဿာကို ငွေကျပ် ၉၇၀၀ လောက်ရှိတယ်။ ပြည်တွင်းသုံးအရွယ်အစားက တစ်ပိဿာကို ငွေကျပ် ၄၀၀၀ နဲ့ ၅၀၀၀ ကြားမှာရှိတယ်။ ကျန်ငါးတွေကတော့ ပုံမှန်ပါပဲ” ဟု ၎င်းကပြောသည်။

ပြည်ပသို့တင်ပို့သည့် ငါးမြစ်ချင်း နှစ်ပိဿာခွဲမှ သုံးပိဿာအထိရှိသော အရွယ်အစားမှာ ဝယ်လိုအားအမှာများသည့်အတွက် ယခုလအတွင်း ဈေးနှုန်းပိုမိုမြင့်တက်လာခြင်းဖြစ်သည်။ ပြည်တွင်းသုံးနှင့် ခြစ်ငါးအရွယ် တစ်ပိဿာဝန်းကျင်အရွယ်အစားများမှာ တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ ကျော်မှ ၅၀၀၀ ဝန်းကျင်ရှိကြောင်း၊ ငါးအစာဈေးနှင့် မွေးမြူရေးစရိတ်ကောင်းနေသောကြောင့် ငါးတစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ ရရှိမှသာ မွေးမြူသူများတွက်ခြေကိုက်ကြောင်း သိရသည်။ ဈေးကွက်အတွင်းရှိ တခြားငါးများမှာယခင်လကအတိုင်း ဈေးနှုန်းတည်ငြိမ်လျက်ရှိပြီး ငါးကြင်းတစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀ မှ ၁၁၀၀၀ အထိ၊ တီလားဗီးယားတစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ မှ ၆၅၀၀ အထိရှိကြောင်း သိရသည်။

ရန်ကုန်မြို့ ရွှေပိတောက်ငါးဈေးနှင့် ဗဟိုစံပြငါးဈေးကြီးတို့သို့ ပုံမှန်အားဖြင့် တစ်ရက်လျှင် ငါးပိဿာချိန် ငါးသိန်းဝန်းကျင်ဝင်ရောက်လေ့ရှိပြီး ငါးကြင်း၊ ငါးမြစ်ချင်း၊ တီလားဗီးယားနှင့် ငါးတန်ငါးများ ဝင်ရောက်မှုများကြောင်း၊ ယင်းငါးဈေးကြီးများမှ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးသို့ ဖြန့်ချိသည့်အပြင် တခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့လည်း တင်ပို့ကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/36779

## အာဆီယံဈေးကွက်သို့ ကမ္ဘောဒီးယားပို့ကုန်တင်ပို့မှု ၁၃ ရာခိုင်နှုန်း မြင့်တက်လာ

ကမ္ဘောဒီးယားနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အစီရင်ခံစာအရ ကမ္ဘောဒီးယားနိုင်ငံ၏ အာဆီယံနိုင်ငံများနှင့် ကုန်သွယ်မှုသည် ၂၀၂၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၅.၈၃၈ သန်းရှိရာမှ ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၆.၀၅၃ ဘီလီယံအထိ ၁.၄ % မြင့်တက်လာခဲ့ကြောင်း၊ နိုင်ငံ၏ စုစုပေါင်းပြည်ပကုန်သွယ်မှုပမာဏ ၅၂.၄၂၅ ဘီလီယံတွင်မူ ၃၀.၆၂% အဖြစ်ပါဝင်ကာ ၂၀၂၁ ခုနှစ်က ရရှိခဲ့သော ၃၂.၉၉ % ထက် ကျဆင်းခဲ့ကြောင်း (၅-၂-၂၀၂၃) ရက်နေ့ထုတ် Phnom Penh Post သတင်းစာက ဖော်ပြထားသည်။

ကမ္ဘောဒီးယားနိုင်ငံမှ အာဆီယံနိုင်ငံများသို့ ပို့ကုန်တင်ပို့မှုသည် ၂၀၂၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂.၉၁၄ ဘီလီယံမှ ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃.၂၉၇ ဘီလီယံအထိ ၁၃ % မြင့်တက်ခဲ့ကြောင်း၊ စုစုပေါင်းတင်ပို့မှုပမာဏ ၂၂.၄၈၃ ဘီလီယံတွင် ၁၄.၇ % ပါဝင်ခဲ့ကြောင်း၊ တဖန် အာဆီယံဈေးကွက်မှ ကမ္ဘောဒီးယားနိုင်ငံသို့ တင်သွင်းမှုသည် ၂၀၂၁ ခုနှစ်တွင် အမေရိကန် ဒေါ်လာ ၁၂.၉၂၄ ဘီလီယံမှ ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၂.၇၅၆ ဘီလီယံရှိကာ ၁.၃ % ကျဆင်းခဲ့ကြောင်း၊ စုစုပေါင်းတင်သွင်းမှုပမာဏ အမေရိကန် ဒေါ်လာ ၂၉.၉၄၂ ဘီလီယံတွင် ၄၂.၆ % ပါဝင်ခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ်အတွင်း ကမ္ဘောဒီးယားနိုင်ငံနှင့် ကုန်သွယ်မှုပြုသော အာဆီယံနိုင်ငံများအနက် ဗီယက်နမ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ ၆.၁၃၆ ဘီလီယံနှင့် ၄.၆၆၄ ဘီလီယံအသီးသီးဖြင့် ၆၇.၂၈ % အဖြစ် ပါဝင်ကာ ကုန်သွယ်မှုအများဆုံး နိုင်ငံများဖြစ်ကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာနမှ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့မှ ၃၁ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သော နှစ်ပတ်လည်အစည်းအဝေး၏ အစီရင်ခံစာတွင် ထုတ်ပြန်ခဲ့သည်။

ကမ္ဘောဒီးယားကုန်သည်ကြီးများအသင်း (Cambodia Chamber of Commerce – CCC) ၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ Lim Heng က လူဦးရေသန်း ၆၆၀ ကျော်ရှိသော အာဆီယံနိုင်ငံများသည် ပထဝီအနေအထားအရ ကမ္ဘောဒီးယား၏ လယ်ယာ

ထွက်ကုန်များကို ထိပ်တန်းဝယ်ယူသည့် နိုင်ငံများဖြစ်ကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံသည် တရုတ်၊ တောင်ကိုရီးယားနိုင်ငံများနှင့် နှစ်နိုင်ငံ လွတ်လပ်စွာကုန်သွယ်မှု သဘောတူညီချက်များ ရေးထိုးထားခြင်းကြောင့်လည်း အာဆီယံနိုင်ငံများသို့ တင်ပို့သော ပို့ကုန်ထုတ်လုပ်သည့် ရင်းနှီးမြှုပ်နှံသူများကို ပိုမိုစွဲဆောင်နိုင်ခဲ့သလို တရုတ်နှင့်တောင်ကိုးရီးယား ကုန်ပစ္စည်းများ ဖြန့်ဖြူးသည့် ဒေသတွင်းအချက်အချာကျသည့် နိုင်ငံဖြစ်လာကြောင်း၊ ၂၀၁၅ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့သည့် အာဆီယံစီးပွားရေး ပေါင်းစည်းဆောင်ရွက်မှုအရ အာဆီယံသည် ကမ္ဘောဒီးယားနိုင်ငံအတွက် အရေးပါသောဈေးကွက် တစ်ခုဖြစ်ခဲ့ကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း အနည်းငယ် နှောင့်နှေးမှုများရှိခဲ့သော်လည်း နောင်တွင် ကုန်သွယ်မှု ပိုမိုတိုးတက်လာမည်ဟု ခန့်မှန်းကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံမှ အာဆီယံနိုင်ငံများသို့ လယ်ယာထွက်ကုန်များ၊ ကုန်ကြမ်းများ၊ သတ္တုတွင်းထွက်များကို အဓိကတင်ပို့ပြီး စားသောက်ကုန်နှင့်အဖျော်ယမကာ၊ လျှပ်စစ်နှင့်အီလက်ထရွန်နစ်စက်ကိရိယာများ၊ ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ စိုက်ပျိုးရေးသုံး စက်ယန္တရားများနှင့်မော်တော်ယာဉ်များ တင်သွင်းကြောင်း ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံ၊ တော်ဝင်တက္ကသိုလ်၊ နိုင်ငံတကာစီးပွားရေးဌာနမှ ညွှန်ကြားရေးမှူး Hong Vanak က ကမ္ဘောဒီးယားနိုင်ငံအတွက် အာဆီယံသည် အထူးသဖြင့် ဗီယက်နမ်၊ ထိုင်းနှင့်လာအိုနယ်စပ်တစ်လျှောက် ကုန်သွယ်ရေးအတွက် မရှိမဖြစ်လိုအပ်သော ဈေးကွက်တစ်ခုဖြစ်ကြောင်း၊ သယ်ယူပို့ဆောင်ရေး အကွာအဝေးလျော့နည်းလာသည်နှင့်အမျှ သွင်းကုန်-ပို့ကုန် ကုန်ကျစရိတ်သက်သာစေပြီး အမြတ်အစွန်းပိုမိုရရှိကာ အထူးသဖြင့်တောင်သူလယ်သမားများအတွက် အကျိုးရှိကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံ၏ ကျန်အာဆီယံနိုင်ငံများနှင့် ကုန်သွယ်မှုလိုငွေသည် ၂၀၂၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၀.၀၁ ဘီလီယံမှ ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၉.၄၆ ဘီလီယံသို့ ရောက်ရှိခဲ့ပြီး ၅.၅ % လျော့နည်းသွားခဲ့ကြောင်း၊ ကုန်သွယ်မှုလိုငွေ၏ အဓိကအကြောင်းမှာ ပြည်တွင်းလိုအပ်ချက်အရ တင်သွင်းမှုများ၊ အခြားတနေရာမှ ပို့ကုန်အဖြစ် တင်ပို့မည့်ကုန်စည်များကို တင်သွင်းနေရခြင်းကြောင့်ဖြစ်ကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံ၏ လယ်ယာထုတ်လုပ်မှုနှင့် ပို့ကုန်များသည် အထောက်အပံ့ဖြစ်စေသော အစိုးရမူဝါဒအသစ်များကြောင့် နောင်တွင်အလားအလာကောင်းများ ရရှိမည်ဟု ယုံကြည်ကြောင်း မှတ်ချက်ပြုပြောကြားခဲ့သည်။

စိုက်ပျိုးရေး၊ သစ်တောနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၏ အစီရင်ခံချက်အရ အာဆီယံနိုင်ငံများသို့ ဖွတ်ပြီး ဆန်၊ စပါး၊ ပီလောပီနံ၊ သီဟိုဠ်စေ့၊ ပြောင်း၊ ပဲတောင့်ရှည်၊ ပဲနီလေး၊ ကုလားပဲ၊ မြေပဲ၊ ငှက်ပျောသီး၊ သရက်သီး၊ ဆီအုန်း၊ ငရုတ်ကောင်း၊ ဆေးရွက်ကြီးနှင့် ရော်ဘာစေးတို့ကို အဓိကလယ်ယာထွက်ကုန်များအနေဖြင့် တင်ပို့ကြောင်းသိရှိရပါသည်။

Source: https://www.phnompenhpost.com/business/cambodian-exports-asean-markets-rise-13

https://myantrade.gov.mm/article/%E1%80%A1%E1%80%AC%E1%80%86%E1%80%AE%E1%

## စားအုန်းဆီဈေး ပြန်တက်လာပြီး ဈေးကွက်မငြိမ်သေး




စားအုန်းဆီဈေး ပုံမှန်ထက်ဈေးပြန်တက်လာပြီး ဈေးကွက်မငြိမ်သေးကြောင်း ဆီအရောင်းအဝယ်လုပ်ကိုင်သူများနှင့် ကုန်သည်များထံမှ သိရသည်။

စားအုန်းဆီများကို အဓိက မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံများမှ တင်သွင်းနေရခြင်းဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံမှ ပြည်တွင်းလုံလုံလောက်လောက်ရရှိစေရန် စားအုန်းဆီတင်ပို့ခွင့် ပါမစ်အချို့ကို ဆိုင်းငံ့ထားကာ ပြည်ပနိုင်ငံများသို့ ပါမစ်ခွဲတမ်းဖြင့်သာ တင်ပို့နေရခြင်းကြောင့် မြန်မာနိုင်ငံသို့ အဝင်နည်းကာ ဈေးပြန်တက်လာခြင်းဖြစ်ကြောင်း ဆီလုပ်ငန်းရှင်တစ်ချို့ထံမှ သိရသည်။ “သဘော်အဝင်နည်းလို့ တချို့ဆီရောင်းဖို့တောင် ခွဲတမ်းမရကြဘူး၊ ကျန်ရှိနေတဲ့ သဘော်အဝင်ပဲစောင့်နေရတယ်။ ဈေးကတော့ တဖြည်းဖြည်း ပြန်တက်နေတယ် ဈေးကွက်ကမငြိမ်ဘူး ” ဟု

ပခုက္ကူမြို့မှ ဆီကုန်သည်တစ်ဦးကပြောသည်။ ယခင်က စားအုန်းဆီတစ်ပိဿာလျှင် ၅၈၀၀ ထိ ကျဆင်းခဲ့ပြီး လက်ရှိရန်ကုန်ဈေး ၆၆၀၀အထိ ပေါက်ဈေးဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်းသိရသည်။ သို့သော် တချို့ဒေသများတွင် စားအုန်းဆီတစ်ပိဿာလျှင် ၆၄၀၀ မှ ၆၆၀၀ ထိ ပေါက်ဈေးရှိကြကြောင်း သိရသည်။

“ဒီလို ရာသီဥတုအေးတဲ့အချိန်မှာ အရောင်းအဝယ်ပါးနိုင်တယ်၊ နောက်ပြီး ဝယ်ထားပြီးလို့ ပြန်ထုတ်မရောင်းရမှာလဲ ဆိုတော့ လက်ထဲ ဆီများများမထားရဲဘူး။ အခုတော့ လိုချင်တိုင်းမရတော့ဘူး၊ အခုဈေးက မငြိမ်ဘူး၊ ၆၅၀၀နဲ့ ဈေးတည့်ပြီးသား၊ နောက်ဆယ်မိနစ်ကြာတော့ တစ်ဈေးဖြစ်သွားတယ်၊ ချက်ချင်းဈေးကတက်သွားတယ်”ဟု မကွေးမြို့မှ ဆီအရောင်းအဝယ်လုပ်ကိုင်သူ မသီတာကပြောသည်။ တချို့ လက်ကျန်ဆီသဘော်များလည်း ဝင်ရောက်လာခြင်းများရှိနေ၍ တချို့ဝယ်ရောင်းများအနေဖြင့် ဈေးကျဆင်းလာမည်ကို စောင့်ဆိုင်းကာ အဝယ်များရပ်ထားကြောင်းလည်း သိရသည်။

လက်ရှိမြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ စီစဉ်ကြီးကြပ်မှုဖြင့် Agri One Trading Co., Ltd မှ စားဆီ တစ်ပိဿာ ၄၇၀၀ ကျပ်ဖြင့် ဈေးနှုန်းသက်သာစွာ ရောင်းချပေးနေကြောင်းလည်းသိရသည်။ ထို့အပြင် စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီ၏ အပတ်စဉ်ရည်ညွှန်းဈေးမှာ လက်ကားဈေး တစ်ပိဿာလျှင် ၄၄၉၀ ကျပ်ဖြစ်ကြောင်း သိရသည်။ “ဆီဈေးပြန်တက်သွားတယ် အရင်ကစားဆီ ၅၈၀၀ လောက်ပေးရတယ်။ အခုက ဘာဖြစ်လို့လဲမသိဘူး ၆၀၀၀ ကျော် ပြန်တက်သွားတယ် ၊ သဃ်န်းကျွန်း အောင်မြန်မာဆိုင်မှာ ၆၆၀၀ နဲ့ဝယ်ရတယ် ၊ ပဲဆီရှယ် ၁၃၀၀၀ ရှိတယ် ” ဟု သဃ်န်းကျွန်းမြို့နယ်မှ စားသုံးသူ ဒေါ်ကြည်ကပြောသည်။

လက်ရှိတွင် လျှပ်စစ်မီးပြတ်တောက်မှုတွေများကြောင့် ဆီစက်များ ပုံမှန်လည်ပတ်နိုင်ရန် အခက်အခဲများရှိခြင်း၊ စက်သုံးဆီဈေးများ မြင့်တက်ခြင်းစသည့်အခက်အခဲများ ကြုံတွေ့နေရကြောင်း ဆီစက်လုပ်ငန်းရှင်များထံမှသိရသည်။ ပြည်တွင်း၌ စားအုန်းဆီသုံးစွဲမှု တစ်နှစ်လျှင် တန်ချိန် ၁၀သိန်းကျော် အထိရှိသောကြောင့် နှစ်စဉ်တန်ချိန် ၆ သိန်းမှ ၇ သိန်းကြားအား မလေးရှားနိုင်ငံနှင့်အင်ဒိုနီးရှားနိုင်ငံများမှ စားအုန်းဆီများကို အဓိကထား၍ တင်သွင်းနေရကြောင်း သိရသည်။

**Source: (AMIA)**

https://t.me/htwettoe

## ဆန်ဈေးများ ထပ်တက်နေဆဲ

တစ်ပတ်တစ်ခါ ဈေးကွက်အဖွင့်(တနင်္လာနေ့)တိုင်း ဈေးတောက်လျှောက်မြင့်တက်နေတဲ့ ဆန်ဈေးတွေဟာ ဒီတစ်ပတ်ဈေးကွက်အဖွင့် ဒီနေ့မှာလည်း မပျက်မကွက် ထပ်မံမြင့်တက်လာခဲ့ပြန်ပါတယ်။ အမျိုးအစားအားလုံးနီးပါး ဈေးဆက်တက်လာတာ ဖြစ်ပါတယ်။

ဆန်(ငစိန်)(သစ်)၊ ဆန်(ရွှေဘိုပေါ်ဆန်း) (သစ်)၊ ကြာပျံရှယ်(သစ်)၊ တောင်ပျံ(ဖျာပုံ)(သစ်)နဲ့ ပေါ်ကျွဲ(ဖျာပုံ)(သစ်) တွေကတော့ ဈေးငြိမ်သလောက်ရှိနေပြီး ကျန်အမျိုးအစားအားလုံးကတော့ ဈေးတက်လာတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့အပတ် အပိတ် (၁၀.၂.၂၀၂၄) ဈေးနဲ့ယှဉ်ရင် ဘယ်လောက်အထိ ဈေးတွေတက်သွားတယ်ဆိုတာကိုတော့ အောက်ပါဇယားမှာ ကြည့်ရှုနိုင်ပါတယ်။ (တစ်တင်းခွဲတစ်အိတ် ဈေးနှုန်းတွေဖြစ်ပါတယ်)

| စဉ် | အမျိုးအစား | ဈေးကွက် | ၁၀.၂.၂၀၂၄ | ၁၃.၂.၂၀၂၄ |
|---|---|---|---|---|
| ၁ | ဆန် (ဖျာပုံပေါ်ဆန်းမွှေး)(သစ်) | ဝါးတန်း(ရန်ကုန်) | ၆၇၀၀၀ မှ ၇၀၀၀၀ | ၇၀၀၀၀ မှ ၇၃၀၀၀ |
| ၂ | ဆန်(ဒေးဒရဲပေါ်ဆန်းမွှေး)(သစ်) | ဝါးတန်း(ရန်ကုန်) | ၆၆၀၀၀ မှ ၆၈၀၀၀ | ၇၀၀၀၀ မှ ၇၃၀၀၀ |
| ၃ | ဆန်(မြောင်းမြပုသိမ်ပေါ်ဆန်းမွှေး)(သစ်) | ဝါးတန်း(ရန်ကုန်) | ၇၂၀၀၀ မှ ၇၅၀၀၀ | ၇၂၀၀၀ မှ ၇၅၀၀၀ |
| ၄ | ဆန်(ပေါ်ဆန်းနယ်စုံသစ်)(သစ်) | ဝါးတန်း(ရန်ကုန်) | ၆၃၀၀၀ မှ ၆၅၀၀၀ | ၆၈၀၀၀ မှ ၇၀၀၀၀ |
| ၅ | ဆန်(ဧည့်မထ)(သစ်) | ဝါးတန်း(ရန်ကုန်) | ၅၁၀၀၀ မှ ၅၅၀၀၀ | ၅၅၀၀၀ မှ ၅၆၀၀၀ |
| ၆ | ဆန်(ငစိန်)(သစ်) | ဝါးတန်း(ရန်ကုန်) | ၄၈၀၀၀ မှ ၅၀၀၀၀ | ၄၈၀၀၀ မှ ၅၀၀၀၀ |
| ၇ | ဆန်(ရွှေဘိုပေါ်ဆန်း) (သစ်) | ဝါးတန်း(ရန်ကုန်) | ၇၈၀၀၀ မှ ၈၇၀၀၀ | ၇၈၀၀၀ မှ ၈၇၀၀၀ |
| ၈ | ဆန်(ဧည့်မထ ၂၅%)(သစ်) | ဝါးတန်း(ရန်ကုန်) | ၄၇၀၀၀ မှ ၄၈၀၀၀ | ၅၁၀၀၀ မှ ၅၃၀၀၀ |
| ၉ | ဆန်(ရက် ၉၀ ရှယ်)(သစ်) | ဝါးတန်း(ရန်ကုန်) | ၅၇၀၀၀ မှ ၆၀၀၀၀ | ၅၈၀၀၀ မှ ၆၁၀၀၀ |
| ၁၀ | ဆန်(သီးထပ်)(သစ်) | ဝါးတန်း(ရန်ကုန်) | ၅၁၅၀၀ မှ ၅၂၀၀၀ | ၅၄၀၀၀ မှ ၅၅၀၀၀ |
| ၁၁ | ကြာပျံရှယ်(သစ်) | ဝါးတန်း(ရန်ကုန်) | ၇၄၀၀၀ မှ ၇၇၀၀၀ | ၇၄၀၀၀ မှ ၇၇၀၀၀ |
| ၁၂ | ပေါ်ဆန်းရှယ်(သစ်) | ဝါးတန်း(ရန်ကုန်) | ၆၇၀၀၀ မှ ၆၉၀၀၀ | ၆၉၀၀၀ မှ ၇၂၀၀၀ |
| ၁၃ | တောင်ပျံ(ဖျာပုံ)(သစ်) | ဝါးတန်း(ရန်ကုန်) | ၇၅၀၀၀ မှ ၇၇၀၀၀ | ၇၂၀၀၀ မှ ၇၇၀၀၀ |
| ၁၄ | ပေါ်ကျွဲ(ဖျာပုံ)(သစ်) | ဝါးတန်း(ရန်ကုန်) | ၅၂၀၀၀ မှ ၅၅၀၀၀ | ၅၀၀၀၀ မှ ၅၅၀၀၀ |
| ၁၅ | တောင်ပျံ(မော်ကျွန်း)(သစ်) | ဝါးတန်း(ရန်ကုန်) | ၇၂၀၀၀ မှ ၇၃၀၀၀ | ၇၂၀၀၀ မှ ၇၄၀၀၀ |
| ၁၆ | ပေါ်ကျွဲ(မော်ကျွန်း) (သစ်) | ဝါးတန်း(ရန်ကုန်) | ၆၀၀၀၀ | ၅၈၀၀၀ မှ ၆၁၀၀၀ |

https://greenwaymyanmar.com/posts/Rice_Market_Prices_Feb_13

ဈေးဆက်တိုက်မြင့်တက်နေလို့ ဆက်တက်မှာကို စိုးရိမ်ပြီး ဝယ်ယူမှုများနေတာတွေက ဆန်ဈေးတွေကို မြင့်တက်နေစေတဲ့ အကြောင်းတစ်ခုဖြစ်တယ်လို့ သိရပါတယ်။ ပြည်ပတင်ပို့မှုအနေနဲ့လည်း ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်း ပြည်ပသို့ ဆန်နဲ့ဆန်ကွဲတင်ပို့မှုဟာ နောက်ဆုံးတင်ပို့ထားမှု ၁၀ လအတွင်း အမြင့်ဆုံးထိ ဖြစ်ခဲ့တယ်လို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ရဲ့ သတင်းထုတ်ပြန်ချက်တွေအရ သိရပါတယ်။

(လယ်ယာစိုက်ပျိုးရေးနှင့်ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIA) က ပေးပို့လာသည့် ဈေးနှုန်းများနှင့်သုံးသပ်ချက်ကို အခြေခံဖော်ပြခြင်းဖြစ်ပါသည်။)

**Source:** https://greenwaymyanmar.com/posts/Rice_Market_Prices_Feb_13

## မောင်တောကုန်သွယ်ရေးစခန်းမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ၊ ဖေဖော်ဝါရီလ လျာထားချက်အပေါ် ၅၀ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်

မောင်တောကုန်သွယ်ရေးစခန်း၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၊ ဖေဖော်ဝါရီလ လျာထားချက်မှာ ပို့ကုန် (၁.၀၀၀) ဒေါ်လာသန်း၊ သွင်းကုန် (၀.၀၄၀) ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏ (၁.၀၄၀) ဒေါ်လာသန်း ဖြစ်ပါသည်။ ဖေဖော်ဝါရီလ (၁၂) ရက်နေ့အထိ အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန် (၀.၅၂၅) ဒေါ်လာသန်း၊ သွင်းကုန် (-) ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏ (၀.၅၂၅) ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပြီး ဖေဖော်ဝါရီလ၏ တစ်လလုံးလျာထားချက်အပေါ် (၅၀%) ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါသည်။

မောင်တောကုန်သွယ်ရေးစခန်းမှ တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့နိုင်ခဲ့သည့်ပစ္စည်းများမှာ လယ်ယာထွက်ကုန်ပစ္စည်းများမှာ ကွမ်းသီး၊ ထန်းလျက်၊ အုန်းသီး၊ ငရုတ်သီးခြောက်(အညှာပါ)၊ ရေထွက် ကုန်ပစ္စည်းများမှ ငါးမြစ်ချင်း၊ ငါးခေါင်းပွ၊ ငါးနီတူခြောက်၊ ငါးကုန်းညိုခြောက်၊ ငါးစုံလေးခြောက်၊ ပုစွန်ခြောက်နှင့် စက်မှုကုန်ချောပစ္စည်းများမှ ဆီးယိုထုပ်၊ ကော်ဖီမစ်တို့ တင်ပို့နိုင်သည်။

Source: https://www.commerce.gov.mm/my/article/border-trade-news-update-news-border-area-trade

## STOCK EXCHANGE (14.2.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 14th Feb. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,171 (Shares) | 12,783,900 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | +100 | +1.18% | 8,500 | 8,600 | 8,500 | 489 | 4,157,300 | 33,109,694 | 284,743 |
| MTSH | 00002 | 3,250 | +0 | +0.00% | 3,200 | 3,300 | 3,200 | 1,157 | 3,710,200 | 38,929,150 | 126,520 |
| MCB | 00003 | 7,600 | +0 | +0.00% | 7,600 | 7,600 | 7,600 | 21 | 159,600 | 10,400,986 | 79,048 |
| FPB | 00004 | 1,800 | +0 | +0.00% | 1,800 | 1,800 | 1,800 | 2,422 | 4,359,600 | 24,720,530 | 44,497 |
| TMH | 00005 | 2,600 | +100 | +4.00% | 2,600 | 2,600 | 2,600 | 2 | 5,200 | 12,823,224 | 33,340 |
| EFR | 00006 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 0 | 0 | 19,977,223 | 51,941 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 80 | 392,000 | 10,497,598 | 51,438 |

### Market summary

As of 14th Feb. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 386.02 | +2.64 | +0.69% | 382.26 | 387.14 | 382.26 | 4,171 | 12,783,900 | 7 | 671,527 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 12:00 pm, 15th Feb. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,627 (Shares) | 11,399,350 (MMK) |

| MYANPIX | 382.63 |
|---|---|
| | ▼ 3.39 |
| Total Volume (shares) | 3,627 |
| Total Value (MMK) | 11 mil |
| Listed Company | 7 |
| Market Cap. (MMK) | 665,637 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,500 | ▼ 100 |
| MTSH | 00002 | 3,200 | ▼ 50 |
| MCB | 00003 | 7,500 | ▼ 100 |
| FPB | 00004 | 1,800 | ▲ 0 |
| TMH | 00005 | 2,550 | ▼ 50 |
| EFR | 00006 | 2,600 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 100 |

TIR